တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ (၁၉-၁၀-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေကြားချက်
၁	**ဦးဟံသာဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်**က ကျောက်ကြီးမြို့နယ်၊ ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိ လမ်းအား လုံခြုံရေး ဆောင်ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတား ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ကာကွယ်ရေးဝန်ကြီးဌာန**က နယ်မြေလုံခြုံရေး အပြည့်အဝရရှိပြီး မိုင်းရှင်းလင်းခြင်းဆောင်ရွက်ပြီးပါက လမ်း/တံတားများပြုပြင်ခြင်း၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဦးစိုင်းမိုးဇော်ဦး၊ မိုင်းဆတ် မဲဆန္ဒနယ်**က မိုင်းဆတ်ခရိုင်ရှိ (၅၀) ခုတင်ဆံ့ ဆေးရုံအား (၁၀၀)ခုတင်ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး၊ လူနာဆောင်များ အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်းနှင့် အဆင့်တိုးမြှင့်ခွင့်ရရှိပြီးပါက အဆောက် အဦလိုအပ်ချက်များကို အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၃	**ဦးခင်မောင်သန်း၊ ကလေး မဲဆန္ဒနယ်**က ကလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး(တာဟန်း)နှင့် ကျေးလက်ကျန်းမာရေးဌာန(တာဟန်း)တို့အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်နှင့် ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ မရှိတို့ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၆-၂၀၃၀ (၅)နှစ်တာ စီမံကိန်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ကျန်းမာရေးမှူး တစ်ဦးနှင့် အမြဲတမ်းဝန်ထမ်း(၇)ဦး ခန့်ထားပေးမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၄	**ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်**က ဘိုကလေးမြို့နယ်၊ ဟေမန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ကျန်းမာရေးဝန်ကြီးဌာန**က တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် လတ်တလော အစီအစဉ်မရှိသေးသော်လည်း ဆေးရုံအသုံးပြုလာနိုင်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်လာနိုင်မှုပေါ် မူတည်၍ နောင်တွင် စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေကြားချက်
၅	**ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ် မဲဆန္ဒနယ်**က ပြည်တွင်း တက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က နိုင်ငံတကာအဆင့်မီ သင်ကြားနိုင်ရန်နှင့် ပညာသင်ဆုများရရှိရေးအတွက် (MoU)နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပညာသင်ဆုများရရှိစေရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၆	**ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်**က ပုဂ္ဂလိက ပညာရေးဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့်ဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိက ကျောင်းများအားလုံး၏ အမည်များကို မြန်မာဘာသာဖြင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။
၇	**ဦးစောမောင်၊ ဆားလင်းကြီး မဲဆန္ဒနယ်**က ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ခန့်ထားရာတွင် “စံ” များထားရှိရေး အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ပညာရေးဝန်ထမ်းများ၏ ရာထူးတိုးပြောင်းရွှေ့ခြင်းကိစ္စများကို သတ်မှတ်ထားသည့်စံများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၈	**ဦးသန်းထွန်း၊ ပုသိမ် မဲဆန္ဒနယ်**က ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များအား မည်ကဲ့သို့ အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ စီမံထားရှိမှုအား သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ပုဂ္ဂလိကပညာရေးဥပဒေပါ အရည်အချင်းသတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုထားပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားလိုပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ လျှောက်ထားနိုင်ပါကြောင်း ဖြေကြားပါသည်။